ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ညွှန်ကြားချက်အမှတ် ( ၁၁/၂၀၂၁ )**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

အကြောင်းအရာ။ **နိုင်ငံခြားငွေကြေးဈေးကွက်တွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်းအကြား အများဆုံးထားရှိရမည့် ကွာဟချက် (spread) သတ်မှတ်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၁၂-၅-၂၀၂၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၈/၂၀၂၁)

၁။ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များက သော်လည်းကောင်း၊ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် (MC) လိုင်စင်ရရှိသူများက သော်လည်းကောင်း နိုင်ငံခြားငွေများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းတို့ဆောင်ရွက်ရာတွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်းအကြား ကွာဟချက် (spread) အား ၁ % ထက် မပိုစေဘဲ သတ်မှတ်ဆောင်ရွက်ရန် ရည်ညွှန်းချက်ပါ ညွှန်ကြားချက်ဖြင့် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ နိုင်ငံခြားငွေများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းတို့ ဆောင်ရွက်ရာတွင် CBM Reference Rate အား Mid-Rate အဖြစ် သတ်မှတ်၍ ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်းကို ± ၀.၈ % ဘောင်အတွင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်ညွှန်ကြားလိုက်သည်။ အဆိုပါ သတ်မှတ်ချက်အား ကျော်လွန်ဆောင်ရွက်ပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းတို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးပါသည်။

၂-၈-၂၀၂၁

ဥက္ကဋ္ဌ ( ကိုယ်စား )
( ဝင်းသော် ၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ
နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (MC) လိုင်စင်ရရှိသူများ

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ

မျှောစာတွဲ